

# ပေါ်စိန်ဝင်း

ပုတီးကုန်း

တောင်သမန်အင်းမှာနှင်းဖြစ်ပါတော့

ရထားပေါ်ကဆင်းတော့ လက်ကနာရီကို ကြည့်လိုက်မိသည် ။ ည နေသုံးနာရီ ထိုးတော့မည်။ နွေနေသည် ချစ်ချစ်တောက်အောင် ပူနေဆဲ။ ဘူတာထဲဝင်ပြီး လက်ဆွဲအိတ်ထဲက လက်ကိုင်ပဝါကို ထုတ်သည် ။ လက်ဆွဲအိတ်ကို ခုံပေါ်မှာ တင်လျက် မျက်နှာကို ပဝါဖြင့်သုတ်သည် ။ ပြီးမှ နေကာမျက်မှန်ကို ပြန်တပ်လိုက်သည် ။ ဘေးဘီဝဲယာကို ဝေ့ဝဲ၍ အကဲခတ်ကြည့်သည် ။ ပထမဆုံးအကြိမ် ခြေချဖြစ်သည့်နေရာမို့ အစစအရာရာသည် သူစိမ်းဆန်လွန်းနေပြီထင်၏။ ခဏအကြာမှာ ဘူတာရုံ၌ လူစဲစပြုတာ သတိထားမိသည် ။ ရထားပေါ်မှ ဆင်းသည့်ခရီးသည် များ ဆိုက်ကား မြင်းလှည်းတို့ ဖြင့် ဘူတာမှ ထွက်ခွာသွားကြတာတွေ့သည် ။ ဘူတာသည် ကုန်းခပ်မြင့်မြင့်ပေါ်မှာ ရှိနေသဖြင့် မြို့ကွက် ကို ဆီး၍ မြင်နေရပြန်၏။ အရှေ့ဘက်မှာ မြို့ကွက်ကရှိနေပြီး ဘူတာရုံက မြို့စွန်မှာလို ဖြစ်နေတာသူ သတိထားဖြစ်သည် ။

"ရင်းတိုက်မော်ကို ဘယ်လိုသွားရလဲဗျ"

ဘူတာရုံထဲက ဆေးလိပ် ကွမ်းယာ ရောင်းသည့် ဆိုင်ကလေးရှေ့မှာ ရပ်ရင်း သူ မေးလိုက်၏။

"ရင်းတိုက်မော်ရွာလား"

"ဟုတ်ပါတယ်"

ကွမ်းယာပေးနေရင်း ဆိုင်ရှင်က သူ့ကိုမကြည့်ဘဲ မေးသည် ။ ကွမ်း

ယာဝယ်နေသူက သူ့မျက် နှာကို အကဲခတ်ကြည့် ကြည့်လိုက်တာ သူသိ၏။

"ရထားလမ်းအတိုင်း ရှေ့ဆက်လျှောက်သွားရင် လမ်းချိုးတစ်ခု တွေ့လိမ့်မယ်၊ အဲဒီလမ်းချိုး အတိုင်း လိုက်သွားရင် တာလမ်းရောက်မယ်၊ အဲဒီလမ်းချိုးအတိုင်း လျှောက်သွားရင် ရောက်မယ်"

ကွမ်းယာကို လှမ်းပေးရင်း ဆိုင်ရှင်ကပြောသည် ။

"တစ်ခုခုစီးသွားလို့ ရလားဗျ၊ ဆိုက်ကားဖြစ်ဖြစ် မြင်းလှည်းဖြစ်ဖြစ်ပေါ့ဗျာ"

ဆိုင်ရှင်ကို ကြည့်ရင်း သူ မေးလိုက်သည် ။

"မရဘူးဗျ၊ တာလမ်းမဆိုပေမဲ့ လူသွားလို့ ပဲရတယ်၊ မြေဖို့တာပေါ့ဗျာ၊ ခင်ဗျား လမ်းလျှောက်သွားရမှာ ပဲ"

"ဘယ်လောက် ဝေးလဲဗျ"

"သုံးမိုင်လောက်တော့ရှိမယ်"

"ကျေးဇူးပဲဗျာ"

နှုတ်ဆက်ရင်း ဆိုင်ရှေ့မှ ခွာသည် ။ ဘူတာရုံထဲကအထွက် နွေနေသည် အသားကို ပူလောင် ထိစပ်နေဆဲ။

ရထားလမ်းဘေးမှ လက်ပံပင်ကြီးဆီ အကြည့်ရောက်တော့ လက်ပံပွင့်နီနီတွေကို တွေ့သည် ။

လက်ပံပင်နား အရောက်မှာ ပင် လမ်းခွဲကို တွေ့လိုက်ရ၏။ လမ်းခွဲအတိုင်းချိုးချလိုက်သည် ။ လမ်းခွဲအတိုင်းဆက်လျှောက်ရင်းတာလမ်းမဆိုတာကို တွေ့သည် ။ ခြောက်ပေနီးပါးကျယ်သော မြေဖို့ တာရိုးက

လေးသည် လယ်ကွင်းရိုးပြတ်တွေကြားမှာ ထင်းနေ၏။

လှမ်းမျှော်အကြည့်မှာ ရွာတွေကို မြင်သည် ။

သုံးမိုင်လောက် ဝေးသည် ဆိုတော့ လှမ်းမြင်ရသည့် ရွာတွေသည် ရင်းတိုက်မော်တော့ မဖြစ် နိုင်ဟု ဘာသာတွေးမိ၏။

ရွာတွေကိုကျော်၍ တာလမ်းအတိုင်း ရိုးကိုဆက်လျှောက်ရဦးမည် သိလိုက်၏။

ရင်းတိုက်မော်က မမြဝေ။

ဦးသိန်းထွန်း၏ ညီမ မမြဝေ။

သူ့ကို မှာ လိုက်သည့် အမည်တို့ ကို အတွေးဖြင့် ရေရွတ်ကြည့်နေမိပြန်၏။

*

လှမ်းမြင်နေရသော ရွာနှစ်ရွာကြားမှ လမ်းသည် ဖြတ်၏။

ဇရပ်တစ်ဆောင်သည် လမ်းဘေးမှာ ရှိသည် ။ ဇရပ်နားမှာ ရေအိုးစင်တွေ့၍ ရေဝင်သောက်ရင်း ဇရပ်ပေါ်မှာ ထိုင်နေသည့် လူတစ်ယောက်ကို မေးလိုက်မိပြန်၏။

“ရင်းတိုက်မော်က ဝေးသေးလားဗျ”

“ရှေ့မှာ ရွာတစ်ရွာ တွေ့လိမ့်မယ်၊ အဲဒီရွာကျော်ရင် ရင်းတိုက်မော်ပဲ
”

ဟု သူ့ကို ပြန်ပြောသည် ။

ကျေးဇူးပါပဲဆိုရင်း ဆက်လျှောက်၏။

သူနှင့် မျက်နှာချင်းဆိုင်တူရူမှ လာပြီး ဖြတ်သွားကြသော အထမ်းသမားနှစ်ဦးနှင့် တွေ့သည် ။ ဈေးဝယ်သွားကြသူတွေလား စဉ်းစားမိသေး၏။

လမ်းဘေးကို ဝေ့ဝဲကြည့်တော့ ရိုးပြတ်တောသည် တစ်မျှော်တစ်ခေါ် ။ မိုးတွင်းမှာ ဆို စိမ်းစိုနေမည့် လယ်ကွင်းပြင်ကို အတွေးဖြင့် မြင်ယောင်ကြည့်သည် ။

ဇရပ်ပေါ်မှ သူ ပြောလိုက်သည့် ရွာတစ်ရွာ၏ ထိပ်ကို ရောက်သည် ။ ထိုရွာထိပ်မှ ကျော်၍ လယ်ကွင်းပြင်ကို ဖြတ်ပြန်သည် ။

ရှေ့မှာ သစ်ပင်ဆိုင်းဆို့နေသော ရွာတစ်ရွာကို လှမ်းမြင်ရပြီ။

ထိုရွာသည် ပင် ရင်းတိုက်မော် ဖြစ်မည်ဟု တွေး၏။

ခြေလှမ်းကို ပို၍ ခပ်သွက်သွက်လှမ်းမိပြန်သည် ။

*

ရွာကိုမရောက်ခင် ရွာနားမှာ စေတီတစ်ဆူကို လှမ်းမြင်ရသည် ။ စေတီ၏ ဘေးမှာ သရက်ပင် အုပ်အုပ်တို့ ဖြင့် ခြံဝိုင်းတစ်ခုကို တွေ့သည် ။

ဘုန်းကြီးကျောင်း ဖြစ်မည်ဟု အတွေးရောက်၏။

ထိုဘုန်းကြီးကျောင်းကို ဖြတ်ပြီးမှ ရွာထဲသို့ ဝင်ရမည်ဟု သိလိုက်သည် ။ ဘုန်းကြီးကျောင်းမှာ ဝင်၍ ရေသောက်ရင်း စုံစမ်းကြည့်လျှင် ပို၍ အဆင်ပြေမလား တွေးဖြစ်ပြန်၏။

ဘုန်းကြီးကျောင်းနားအရောက်မှာ တာကိုဖြတ်၍ ရေလွှဲလုပ်ထားသော တံတားတစ်ခုကို တွေ့ရသည် ။ ထိုသစ်သားတံတားပေါ်မှာ ထိုင်နေသည့် ကလေးတစ်ယောက်ကို မြင်သည် ။ တာဘေးမှ လယ်ကွက်

တွေထဲမှာ နွားလေးငါးခြောက်ကောင်ကို တွေ့ရတော့ နွားကျောင်းသား လေး ဖြစ်ရမည်ဟု တွေး၏။

“ရှေ့ကရွာက ရင်းတိုက်မှော်လား”

ဟု တံတားကိုဖြတ်စဉ် သူမေးလိုက်၏။

“ဟုတ်တယ်၊ ဒီဘုန်းကြီးကျောင်းဘေးက ဖြတ်သွား၊ ရွာထဲတန်း ရောက်တယ်”

ဘုန်းကြီးကျောင်းကို လက်ညှိုးညွှန်ရင်းပြော၏။ ကျေးဇူးပါပဲကွယ် ဟု ပြောရင်း ဘုန်းကြီးကျောင်းရှိရာဘက်သို့ ချိုးချသော ကန်သင်းလမ်း ပေါ် တက်လိုက်သည် ။

သရက်ပင်ညို့ညို့ အုပ်ဆိုင်းနေသော ဝိုင်းကြီးထဲမှာ ဘုန်းကြီးကျော င်း အဆောက်အဦကလေးကို လှမ်းမြင်သည် ။ သရက်ပင်တို့ ၏ အော က် မြေတလင်းမှာ လှည်းကျင်းထားသဖြင့် ပြောင်နေတာတွေ့၏။

“အခန့်မသင့်ရင် ဘုန်းကြီးကျောင်းမှာ ပဲ ဒီည အိပ်ချင်အိပ်ရမှာ ။ ဘု န်းကြီးကို ဝင်ဖူးလိုက်တာ ကောင်းမယ်” ဟု အတွေးရောက်ပြန်၏။

သူတွေ့လိုသော ဦးသိန်းထွန်းနှင့် ဒေါ်မြဝေတို့ ကို မတွေ့ပါက သည် ညအတွက် ဘုန်းကြီး ကျောင်းမှာ ပင် တစ်ညတာအိပ်ရမှာ ကို ချက်ချင်း သတိရလိုက်သည် ။

ကျောင်းဝင်းထဲကို လှမ်းဝင်စဉ်မှာ သစ်ရိပ်ဝါးရိပ်ဖြင့် အေးမြသွား စေတာကို ချက်ချင်း သတိ ပြုမိပြန်၏။

ဟိုဟိုသည် သည် လှမ်းအကြည့်မှာ ရေတွင်းဘေး အုတ်လမ်းက လေးမှာ စင်္ကြံလျှောက်နေသော ဆရာတော် တစ်ပါးကို မြင်သည် ။

ရေတွင်းဆီသို့ လျှောက်လာခဲ့၏။ မျက်လွှာကို ချလျက် စင်္ကြံလျှောက်နေသော ဆရာတော်က သူ့ကို မြင်ဟန်မတူ။

ရေတွင်းဘေးက နှင်းပင်ကြီး တစ်ပင်အောက်မှာ သူ့လက်မှ အိတ်နှင့် ဖိနပ်ကို ချသည် ။ ဆရာတော် အနားရောက်အလာကို စောင့်၏။ ဆရာတော် သူ့ရှေ့နားရောက်လာခိုက်မှာ ဆရာတော်ကို သူက ဦးတိုက် ဝတ်ပြုလိုက်သည် ။ သူ ဝတ်ပြုနေစဉ်မှာ ဆရာတော်က ရပ်နေတာ သူသတိထား လိုက်မိ၏။

"တပည့်တော်က ရန်ကုန်က ဧည့်သည် ပါဘုရား၊ ဒီရင်းတိုက်မော်ရွာကို ကိစ္စလေးတစ်ခုရှိလို့ လာခဲ့တာပါဘုရား"

လျှောက်ရင်း ဆရာတော်ကို ကြည့်သည် ။ အသက်ငါးဆယ်ကျော်လောက်ဟု ခန့်မှန်းရသော် လည်း ဆရာတော်က ပို၍ နုနေသေးဟန်ထင်၏။

"ဒကာ ဘယ်သူ့အိမ်ကို သွားမှာ လဲ"

"တပည့်တော် တွေ့ချင်တာက ဒေါ်မြဝေပါဘုရား"

"မြဝေ... ဟုတ်လား"

ဆရာတော်က မျက်မှောင်ကြုတ်၍ မေးလိုက်တာ သတိထားဖြစ်ပြန်သည် ။

"တင်ပ့ါဘုရား၊ ဦးသိန်းထွန်းရဲ့ ညီမ ဒေါ်မြဝေပါ ဘုရား"

သူ့မျက်နှာကို အံ့သြစွာ ကြည့်နေရင်းမှ ဆရာတော်က အကြည့်လွှဲလိုက်တာကို သတိထား ဖြစ်သည် ။

"သူတို့ ဒီရွာက ပြောင်းသွားကြလို့ လား ဘုရား"

စိတ်ထဲက အတွေးကို မမျိုသိပ်နိုင်တော့ဘဲ မေးလိုက်မိပြန်သည် ။

“ဒကာက သူတို့ နဲ့ ဘယ်လိုပတ်သက်နေလို့ လဲ၊ သူတို့ အသိမိတ်ဆွေပဲလား”

ဆရာတော်က သူ့ကို ငုံ့ကြည့်ရင်း မေးလိုက်ပြန်သည် ။

“မဟုတ်ပါဘူး ဘုရား၊ တပည့်တော်နဲ့ သူတို့ နဲ့ မသိပါဘူး၊ တပည့်တော်ကို ဦးသာဒွန်းက လွှတ်လိုက်လို့ ပါ ဘုရား”

“ဘာ… သာဒွန်း ဟုတ်လား”

“ဟုတ်ပါတယ် ဘုရား”

“သိုင်းဆရာ သာဒွန်းလား”

“ဟုတ်ပါလိမ့်မယ် ဘုရား၊ အရင်ကတော့ သိုင်းတွေဘာတွေ သင်ပေးခဲ့ဖူးတယ် ပြောပါတယ် ဘုရား”

ဆရာတော် အကြည့်ကိုလွှဲကာ သက်ပြင်းငွေ့ငွေ့ချတာ သတိပြုလိုက်မိပြန်သည် ။

“လာ… ဒကာ၊ ကျောင်းပေါ်သွားရအောင်”

ပြောပြီး ဆရာတော်က ကျောင်းဆီကို ကြွသွားသည် ။

သူ့လက်ဆွဲအိတ်ကလေးနှင့် ဖိနပ်ကိုယူရင်း ဆရာတော်၏ နောက်မှ လိုက်သွားမိသည် ။

နှစ်ထပ်ကျောင်းဆောင် အပေါ်ထပ်သို့ ဆရာတော်တက်သွားသဖြင့် ဖိနပ်ကို ချထားခဲ့ကာ ကျောင်းပေါ်သို့ တက်၍ လိုက်သွားသည် ။

*

“ဒကာ့နာမည်က…”

“ကျော်မင်းဆွေပါ ဘုရား”

ပြောရင်း အင်္ကျီအိတ်ထဲမှာ ရှိသော အလုပ်သမား မှတ်ပုံတင်ကတ်ကို ထုတ်ယူလိုက်မိသည်။

“ဒါ… တပည့်တော်ရဲ့ အလုပ်သမား ကတ်ပြားပါ ဘုရား” ဟု လျှောက်ရင်း လှမ်းပေးလိုက် ၏။

ဆရာတော်က ယူပြီးကြည့်သည်။ အလင်းရောင် အားကောင်းသော ပြတင်းဆီသို့ တိုးလျက် ကတ်ပြားပေါ်မှ စာကိုဖတ်ကြည့်နေပြန်သည်။

“မင်းက အင်ဂျင်နီယာလား”

“ဟုတ်ပါတယ် ဘုရား”

“ကဲ… ပြောပါဦး၊ သာဒွန်းနဲ့ ဘယ်လိုပတ်သက်ပြီးတော့ မြဝေတို့ သိန်းထွန်းတို့ ဆီ လိုက်လာ ရတာလဲ”

ကတ်ပြားလေးကို လှမ်းပေးရင်း ဆရာတော်က မေးလိုက်သည်။ လှမ်းယူလျက် အိတ်ထဲသို့ ထည့်လိုက်၏။ ပြီးတော့ လည်ချောင်းကို ရှင်းကာ…

“ဦးသာဒွန်းက တပည့်တော်တို့ အိမ်မှာ ဒရိုင်ဘာလုပ်ပါတယ်ဘုရား ”

ဟု စကားစလိုက်သည်။

*

“အစကတော့ ဦးသာဒွန်းက မာလီပါ၊ အိမ်မှာ အလုပ်လုပ်ရင်း လေးငါးနှစ်ကြာတော့မှ အိမ်က ဒရိုင်ဘာအလုပ်ထွက်သွားတော့ ဦးသာဒွန်း

ကို ကားမောင်းခိုင်းခဲ့တာပါ ဘုရား၊ ဦးသာဒွန်းကလည်း လိုင်စင်တွေ ဘာတွေ ရှိထားပါတယ်ဘုရား၊ ဒီလိုနဲ့ နှစ်တွေကြာလာတော့ ဦးသာဒွန်း ဟာ ဖေဖေရဲ့ တပည့်ရင်းဖြစ် လာပြီးတော့ အိမ်သားတစ်ယောက်လို ရင်းနှီးလာကြပါတယ်ဘုရား၊ သူ့မှာ ကလည်း တစ်ကောင်ကြွက်ဆိုတော့ တွယ်တာစရာဆိုလို့ တပည့်တော်တို့ မိသားစုပဲရှိတာဘုရား၊ နောက် တော့ လခတောင် မယူတော့ပါဘူး၊ သူလိုသလောက် အိမ်က တောင်းယူ သုံးတယ်၊ ဒီလိုနဲ့ တစ်နေ့တော့ ဖေဖေနဲ့ မေမေ လားရှိုးကို ကားနဲ့ အသွားမှာ လမ်းမှာ ဓားပြတိုက်ခံရပါတယ်ဘုရား၊ အဲဒီတုန်းက ဓားပြ တွေက ပစ္စည်းယူရုံတင် မကဘူး၊ ဖေဖေ့ကို သေနတ်နဲ့ အပစ်မှာ ဦးသာ ဒွန်းက ဓားပြကို ဝင်လုံးလိုက်လို့ ဖေဖေ အသက်မသေခဲ့ပါဘူး ဘုရား၊ ဦးသာဒွန်းကတော့ပေါင်ကိုထိပြီး ပေါင်တစ်ဖက် အရင်းက ဖြတ်ပစ်လို က်ရပါတယ်၊ အဲဒီကစပြီး ဖေဖေတို့ ဟာ ဦးသာဒွန်းကို သူ့အသက်သခင် ဆိုပြီး ဦးသာဒွန်းအပေါ်မှာ ပိုပြီး သံယောဇဉ်ထားပါတယ်ဘုရား”

စကားကို ခဏဖြတ်ပြီး ဆရာတော် မျက်နှာဆီ အကြည့်ရောက်ခိုက် မှ၁ ဆရာတော်က ခေါင်း တညိတ်ညိတ်ဖြင့် နားထောင်နေလိုက်တာ တွေ့ရပြန်သည် ။

“ဆက်ပါဦး”

ဆရာတော်က ပြောလိုက်သည် ။

“တိုတိုပြောရရင်တော့ ဘုရား၊ ဦးသာဒွန်းကို ဖေဖေက ကျေးဇူးဆပ် မကုန်နိုင်အောင် ကျေးဇူး တင်နေခဲ့တာပေါ့၊ နောက်ဆုံး ဖေဖေနဲ့ မေမေ က တပည့်တော်ရဲ့ အစ်ကိုကြီးရှိတဲ့ နိုင်ငံခြားကို အပြီး ထွက်သွားကြ တော့ တပည့်တော်ကို ဦးသာဒွန်းနဲ့ ထားခဲ့ပါတယ်၊ တပည့်တော်နဲ့ အတူ နေတုန်းမှာ ပဲ ဦးသာဒွန်းက မကျန်းမမာဖြစ်ပါတယ် ဘုရား၊ အခု တပ

ည့်တော် ဒီကိုလာတော့ သူ ဆေးရုံမှာ ကျန်ခဲ့ပါတယ် ဘုရား”

“အင်း... နည်းနည်းတော့ ဇာတ်ရည်လည်လာသလိုပဲ၊ ဆက်ပါဦး ဒကာ”

“ဒါနဲ့ ... တပည့်တော်ကို မနေ့ကတော့ ဦးသာဒွန်းက အကူအညီတောင်းခဲ့ပါတယ်ဘုရား”

“ဒီရွာကို လိုက်သွားဖို့ ပေါ့”

“တင်ပ့ါဘုရား... တပည့်တော်ကလည်း ဦးသာဒွန်းဟာ ဖေဖေရဲ့ အသက်သခင်ဆိုတာ သိထားပြီး ဖေဖေကိုယ်တိုင်ကလည်း အားကိုးမှန်းသိတော့ သူ့အပေါ်မှာ သံယောဇဉ်လည်း ရှိပါတယ်ဘုရား၊ သူက တပည့်တော်ကို ပြောပါတယ်ဘုရား၊ သူ ကြာကြာနေရတော့မှာ မဟုတ်ပါဘူးတဲ့ ၊ နောက်ဆုံး သူမသေခင်မှာ သူ့ရင်သွေးကို တွေ့သွားချင်ပါတယ်တဲ့ ၊ ပြီးတော့ ဒီဘဝမှာ ဘယ်လိုမှ မပျောက်နိုင်တဲ့ အမှား တစ်ခုကို သူ ကျူးလွန်ခဲ့လို့ အဲဒီအမှားအတွက် သူ စိတ်သက်သာသွားရအောင် သူ့ရင်သွေးကို တပည့်တော်က တာဝန်ယူဖို့ ကတိပေးပါလို့ ပြောပါတယ် ဘုရား”

“ဩော်... ဩော်... သေခါနီးမှာ သတိတော့ ရသေးတာပေ့ါ”

ခေါင်းကို တညိတ်ညိတ်လုပ်ရင်း ဆရာတော်က ပြောသည် ။

“တပည့်တော်တို့ အနေနဲ့ ကလည်း ဦးသာဒွန်းရဲ့ ရင်သွေးကို တာဝန်ယူဖို့ ဝန်မလေးပါဘူး ဘုရား၊ သူလိုချင်တဲ့ ကတိကို တပည့်တော်ချက်ချင်း ပေးလိုက်တော့ သူ အရမ်းပျော်သွားပုံရပါတယ်၊ ပြီးတော့ တပည့်တော်ကို ဒီရွာလွှတ်လိုက်တာပါပဲဘုရား၊ ဒီရင်းတိုက်မော်ကိုရောက်ရင် ဦးသိန်းထွန်းညီမ ဒေါ်မြဝေလို့ မေးခိုင်းပါတယ် ဘုရား၊ အဲဒီ ဒေါ်မြဝေရဲ့ ကလေးအကြီးဆုံးဟာ သူ့ရင်သွေးလို့ မှာ လိုက်ပါတယ်ဘုရား”

စကားကို အဆုံးသတ်လိုက်တိုင်း ဆရာတော်၏ မျက်နှာဆီအကြည့်ရောက်ပြန်၏။ ဆရာတော်က ပြတင်းဝမှ လှမ်းမြင်နေရသော ရေတွင်းဘေးမှ ကွမ်းသီးပင်တွေဆီ ငေးနေတာ တွေ့သည် ။

"သာဒွန်းက မြဝေအပေါ် တော်တော်လေး ရက်စက်ခဲ့တာလေ၊ ရက်စက်တယ်ဆိုတာထက် ယုတ်မာတယ်ပြောရင် ပိုမှန်မယ်ထင်တယ်၊ အဲဒါတွေကို သာဒွန်းက ပြောပြသေးလား"

သူ့ဘက်သို့ ရုတ်တရက်လှည့်ကာ ဆရာတော်က မေးလိုက်သည် ။

"အဲဒါတွေတော့ တပည့်တော် ဘာမှ မသိပါဘူး ဘုရား၊ တပည့်တော်လည်း မမေးဖြစ်ပါဘူးဘုရား၊ ဆေးရုံပေါ်မှာ လည်း သူက အသည်းအသန်ဖြစ်နေတော့ စကား သိပ်မပြောစေချင်တာလည်း ပါပါတယ် ဘုရား"

"အင်း... လွန်ခဲ့တဲ့ ဆယ့်ခြောက်နှစ် ဆယ့်ခုနစ်နှစ်လောက်က သူ ဒီရွာကို ရောက်လာတာပေါ့။ အဲဒီတုန်းက သူက သိုင်းဆရာလေ၊ သူ့ကို ခေါ်လာတာက သိန်းထွန်းပေါ့"

*

"သိန်းထွန်းက ပန်းရံလုပ်တယ်၊ သူ့ဆရာက ပြည်မြို့မှာ ရှိတယ်၊ ပြည်က အလုပ်ရှိရင် သိန်းထွန်းက ပြည်သွား အလုပ်လုပ်ရတယ်၊ အဲဒီလို ပြည်သွားအလုပ်လုပ်ရင်း သူက သာဒွန်းနဲ့ ရင်းနှီးလာတယ်၊ ညနေတိုင်း သောက်နေကျ အရက်ဆိုင်မှာ ဆုံတာလို့ ပြောတယ်၊ အဲဒီတုန်းက သာဒွန်းက ပြည်က ရပ်ကွက်တစ်ခုမှာ လာပြီး သိုင်းသင်တန်း ဖွင့်နေတာတဲ့ ၊ ဒါနဲ့ စကားစပ်မိကြပြီးတော့ သာဒွန်းက သိန်းထွန်းအပြန်မှာ လိုက်လာတယ်၊ ဒီရွာမှာ သိုင်းသင်တန်းဖွင့်တယ်ပေါ့ကွာ၊ ဒီရွာနီးချုပ်စပ်က က

လေးတော်တော်များများ လည်း သိုင်းရှုးရှုးကြတာပေါ့၊ သာဒွန်းက သိန်းထွန်းအိမ်မှာ တည်းနေတယ်၊ ဒီလိုနဲ့ တစ်နှစ်လောက်ကြာတော့ အိမ်သားလို ရင်းနှီးသွားကြတာပေါ့၊ သာဒွန်းကလည်း သူ သိုင်းသင်တန်းဖွင့်လို့ ရတဲ့ စပါးလေး၊ ငွေလေးတွေကို သိန်းထွန်းတို့ မိသားစုကို ပေးတယ်ထင်ပါရဲ့ ၊ မြဝေက သိန်းထွန်းညီမကွ၊ သိန်းထွန်းတို့ မိသားစုနဲ့ အတူနေရတာပေါ့၊ မိဘတွေကလည်း မရှိတော့ဘူးလေ၊ ကောင်မလေးက ရိုးတယ်၊ ခပ်နုံနုံခပ်ထိုင်းထိုင်းရယ်၊ သာဒွန်းနဲ့ မြဝေကိစ္စက ဘယ်သူမှ ရိုးတိုးရိပ်တိတ်တောင် မသိကြဘူး၊ တစ်နေ့တော့ ရွာမှာ ဆွမ်းတော်ကြီးကပ်ပွဲရှိတယ်ကွ၊ ဆွမ်းတော်ကြီးကပ်ပွဲဆိုရင် ဒီမှာ က အငြိမ့်ငှားပြီး ကကြတာ ထုံးစံရှိတယ်၊ ရွာက ကလေးတွေလည်း မအားကြဘူးပေါ့၊ ဇာတ်စင်ထိုးရတာနဲ့ ဘာနဲ့ ၊ အဲဒီမှာ ပွဲစုံစမ်းရအောင် ရန်ကုန်ခဏသွားမယ်ဆိုပြီး သာဒွန်း ထွက်သွားတယ်၊ ခါတိုင်းတော့ ပြည်က အငြိမ့်လောက်ပဲ ငှားကြတယ်၊ သာဒွန်းရောက်လာတော့ ရန်ကုန် အငြိမ့်ကိုငှား၊ သူ တာဝန်ယူတယ်၊ သူနဲ့ ရင်းနှီးတဲ့ သူတွေရှိတယ်၊ ဈေးမကြွာလှဘူးဆိုပြီး အပြောကောင်းတာနဲ့ သူ့ကို စုံစမ်းဖို့ လွှတ်လိုက်တာကွ၊ ဒီလိုနဲ့ တိုတိုပြောကြပါစို့ကွာ၊ သာဒွန်း ရွာပြန်ရောက်မလာတော့ဘူး”

“ငွေတွေရော ယူသွားတာပေါ့”

“ငွေကတော့ သိပ် မပါဘူးထင်တယ်ကွ၊ ပွဲငှားဖို့ မဟုတ်သေးဘူး၊ စုံစမ်းရုံဆိုတော့ လမ်းစ ရိတ်လောက်ပဲ ပါပါလိမ့်မယ်၊ အဲ... သူ ပြန်မလာဘူးဆိုတော့ ရွာက ကလေးတွေရော သိန်းထွန်းတို့ က ရော စိတ်ပူတာပေါ့ကွာ၊ လမ်းမှာ တစ်ခုခုပဲ ဖြစ်နေသလား၊ ရထားတွေ ဘာတွေပေါ်ကပဲ လိမ့်ကျလို့ များ လား၊ ရန်ကုန်မှာ ကားတိုက်ခံရသလား၊ တွေးပြီး စိတ်မဖြောင့်ကြဘူးပေါ့ကွာ၊ ဆွမ်းတော်ကြီး ကပ်ပွဲသာ ပြီးသွားတယ်၊ သာဒွန်းကို တမျှော်မျှော်နဲ့ ပေါ့၊ ရွာကလူတွေကလည်း တစ်နှစ်လောက်

အတူနေ လာကြတာဆိုတော့ သံယောဇဉ်ရှိကြတာပေါ့၊ ပြီးတော့ သူက သိုင်းဆရာဆိုတော့ ကလေးတွေအားလုံးအပေါ် ဩဇာကလည်း ညောင်းတာကိုး”

ဘုန်းကြီးက စကားဖြတ်လျက် ဘေးမှာ ရှိသော ထွေးခံကို ယူရင်း တံတွေးကို ထွေးလိုက် သည်။

“တိုတိုပြောကြပါစို့ကွာ... နောက် တစ်လလောက်ကြာတော့မှ မြဝေမှာ မပေါ့မပါး ဖြစ်လာတာ သိကြရော၊ ဒီတော့မှ သာဒွန်နဲ့ ဆိုတာ သိပြီးတော့ သာဒွန်း ဒီကိစ္စကြောင့် ရှောင်သွားတာပါလား လို့ အားလုံးက နားလည်လိုက်ကြတယ်”

“ဦးသာဒွန်း ယုတ်မာတာပေ့ါဘုရား”

“ယုတ်မာတာပေ့ါကွာ၊ တို့ တောမှာ ဆိုတာက ဒီကိစ္စမျိုးကို သိပ်အရှက်အကြောက် ကြီးကြ တာ၊ တစ်ရွာလုံးကလည်း ရှက်လိုက်ကြတာ၊ ပြီးတော့ သာဒွန်းကိုလည်း ဒေါသထွက်ပေ့ါ၊ ဒါပေမဲ့ ဘာမှ မတတ်နိုင်ဘူး၊ သိန်းထွန်းကတော့ ပြည်မြို့မှာ သူ သိုင်းသင်တန်းဖွင့်ခဲ့တဲ့ ရပ်ကွက်သွားပြီးတော့ သာဒွန်းလိပ်စာ သိမလားစုံစမ်းသေးတယ်တဲ့ ၊ ဘယ်သူမှ ရေရေရာရာ မသိကြဘူး၊ ရန်ကုန်က သိုင်းဆရာ ဆိုတာလောက်ပဲ သိကြတာ၊ ဒီလိုနဲ့ ခြေရာပျောက်သွားတာပေ့ါ”

“အရင်က သူ သိပ်ဆိုးခဲ့ ပေခဲ့တယ်ဆိုတာတော့ ဦးသာဒွန်းခဏခဏ ပြောပါတယ်”

“ဆိုးရုံပေရုံတင် ဘယ်ကမလဲကွ၊ ယုတ်မာတာ၊ လူမဆန်တာခေါ်တယ်၊ သိန်းထွန်းတို့ မိသားစုဆို အရှက်တကွဲဖြစ်ပြီး ရွာရိုးတောင် မလျှောက်ရဲသလောက်ပါပဲ၊ မြဝေဆိုတာကတော့ ကြောင်တောင်တောင် ဖြစ်သွားတယ်၊ သိန်းထွန်းကလည်း မူး လာပြီး ဒေါသထွက်လာရင် နှမ

ကိုပဲ မဲပြီးရိုက်တာ၊ နောက်ဆုံးတော့ မြဝေဟာ မီးဖွားရင်း ဆုံးသွားရှာတယ်”

“ဟာ... ဒေါ်မြဝေ ဆုံးသွားတယ်ပေါ့”

“ဟုတ်တယ်ဒကာ၊ မြဝေ မီးတွင်းမှာ ပဲ ဆုံးသွားတယ်”

“ကလေးကတော့ အသက်ရှင်ရဲ့ လား ဘုရား”

“အင်း... ကလေးက အသက်ရှင်ပါတယ်၊ သားလေး... ဒါပေမဲ့ ဒီကလေးကံကလည်း မကောင်းဘူးကွယ့်၊ ဒီကလေး မီးဖွားလို့ မအေလည်း ဆုံးရတယ် ဆိုတော့ တကယ့်ဂြိုဟ်ကောင်လေးလို့ တစ်ရွာလုံးက ပြောချင်ကြတာ”

“ကလေးကိုတော့ ဦးသိန်းထွန်းတို့ က မွေးရမှာ ပေ့ါနော်”

“အေးပေ့ါကွာ၊ သူ့နှမသေတော့ ကလေးက သူတို့ နဲ့ ကျန်ရစ်ခဲ့တာပေ့ါ၊ ဒါပေမဲ့ သူ့မှာ လည်း သားသမီးက များ တော့ ကလေးကညှပ်တယ်၊ ဒီကြားထဲမှာ မိုးကခေါင်၊ သိန်းထွန်းကလည်း အရက်ပဲသောက်နေတော့ စီးပွားရေး အဆင်မပြေကြဘူး၊ စီးပွားရေးကျပ်တည်းလာတော့ ဒီကောင်လေး မွေးပြီးမှ ဂြိုဟ်ဝင်တယ်ဆိုပြီး သိန်းထွန်း မိန်းမက ပိုပြီး အယူသည်းလာတာပဲပေ့ါ၊ ကလေးကို မွေးချင်တဲ့ သူရှိရင် ပေးမယ် ဘာညာနဲ့ သတင်းလွှင့်ပေမဲ့ ဘယ်သူကမှ မမွေးချင်ကြဘူး၊ နောက်ဆုံးတော့ ဒီကလေး အသက်ငါးနှစ်လောက်မှာ ပဲ ဦးပဥ္ဇင်းက ခေါ်မွေးလိုက်ရတယ်”

“ဟာ... ဦးပဥ္ဇင်းဆီမှာ ပေ့ါ”

“ဟုတ်တယ် ဒကာ၊ သိန်းထွန်းတို့ က နောက်ဆုံး ပြည်ကို ပြောင်းတော့မယ်၊ ကလေးကို ဦးပဥ္ဇင်းကျောင်းမှာ ထားခဲ့ချင်တယ်လို့

လာပြောတော့ ကဲ... မထူးဘူး၊ မင်းတို့ အပြီးအပိုင် ငါ့ကိုပေးခဲ့မလား၊ ငါမွေးမယ်ဆိုတော့ သူတို့ ကလည်း ပေးသွားခဲ့ကြတယ်”

“ဒါဆို တပည့်တော် ရွာထဲသွားစရာတောင် မလိုတော့ဘူး၊ တပည့်တော်ကျောင်းကို ဝင်လိုက် တာ အရမ်းမှန်သွားတယ်”

ဆရာတော်ကို ကြည့်ရင်း ရွှင်လန်းစွာ လျှောက်လိုက်မိသည် ။

“တော်တော်ကြာရင် ပြန်လာလိမ့်မယ်၊ ရွာထဲကို ဆွမ်းအုပ်သွားပို့နေတယ်၊ အခုတော့ ဒီကောင် ဘုန်းကြီးပုံသွင်းထားတဲ့ အတိုင်း ဖြစ်နေပြီ”

“ဘယ်အရွယ်ရှိပြီလဲ ဘုရား”

“အင်း... ဆယ့်ခြောက် ဆယ့်ခုနစ်ပေါ့ကွာ၊ ဒီနှစ်ဆယ်တန်းတက်မှာပဲ”

“ဆယ်တန်းတောင် ရောက်ပြီပဲ”

“စာတော့တော်တယ်၊ သူ့ဘဝကို သူနားလည်အောင် သူ့အဖြစ်ကို ဘုန်းကြီးက အားလုံး ပြောပြထားတယ်၊ သူ့နာမည်ကိုတောင် ဗညားလို့ ဘုန်းကြီးပြောင်းပေးထားတယ်”

“ဗညား”

သူ့နှုတ်မှ တီးတိုးရေရွတ်မိသေးသည် ။

ပြတင်းမှ အပြင်သို့ လှမ်းအငေးမှာ နေရောင်သည် ဆည်းဆာသို့ လှ၍ နေပြီ။

*